ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၂၉)

နေ့စွဲ – ၁၄.၁၀. ၂၀၁၂

**<u>သမိုင်းကဏ္ဍ</u>**

## ကိုလန်ဘာ – စကော့တလန်ပြည်သို့သွားသော သာသနာပြုဆရာ

(Columba - Missionary to Scotland)

**နိဒါန်း**

နောဧ အရက်မူးလဲနေရာမှ အမူးပြေ၍ ပြန်နိုးလာသော်၊ သူ့သားနှစ်ယောက်ကို ကောင်းချီးပေးခဲ့ပါသည်။ ရှမ်(ရှေမ)နှင့် ဂျာဖက်(ယာဖက်)တို့ဖြစ်ကြသည်။ ဂျာဖက်(ယာဖက်)၏ကောင်းချီးမင်္ဂလာမှာ ရှမ်(ရှေမ)၏တဲတို့၌ နေထိုင်ရသောနေ့တနေ့ ရောက်လာလိမ့်မည် ဆိုသည့်ကတိဖြစ်သည်။ ပေါလု၏လုပ်ဆောင်ခြင်းများနှင့်အတူ နောက်ဆက်တွဲရာစုနှစ်များတွင် ဘုရားသခင်သည် ဂျာဖက်(ယာဖက်)ကို ရှမ်(ရှေမ)၏တဲသို့ ခေါ်ဆောင်တော်မူပါသည်၊ အသင်းတော်များကို ပထမဆုံး အဲန်တီအုပ်၊ ဆီးရီးယား၊ ဂရိ၊ အီတလီ၊ ထို့နောက် ဥရောပ တတိုက်လုံး၌ တည်ထောင်ခြင်းဖြင့် ဖြစ်ပါသည်။ တဖြည်းဖြည်း ဥရောပတတိုက်လုံး၊ ရက်စက်ကြမ်းကြုတ်သော လူရိုင်းမျိုးနွယ်စုများနေထိုင်ရာဒေသသို့ ဧဝံဂေလိတရား ရောက်သွားခဲ့ပါသည်။ ထို့နောက် ခရစ်ယာန်များဖြစ်လာကြသည်၊ နောက်မကြာပါ အသင်းတော်၏ဗဟိုအရေးကြီးဆုံးနေရာများ ဖြစ်သွားခဲ့ကြပါသည်။

ရိုမန်ကက်သလစ်အသင်းတော် လမ်းမှားရောက်ချိန်၊ အသင်းတော်ပြန်လည်ပြုပြင်ခြင်းကာလ(ရီဖေါမ့်ပြုလုပ်ချိန်)ရောက်သောအခါ၊ ဥရောပတိုက်သည် ပရိုတက်စတင့်များနှင့် ရိုမန်ကက်သလစ်များအကြား နှစ်ပိုင်းကွဲခဲ့ပါသည်။ အနည်းငယ်သောတိုင်းပြည်များသာ၊ အပြည့်အဝ ပရိုတက်စတင့်တိုင်းပြည်များ ဖြစ်လာခဲ့ကြပါသည်။ ၄င်းတို့မှာ လူသရင်ဂိုဏ်း(Lutheran = မာတင်လူသာ ၏ သွန်သင်ချက်များအတိုင်းနေသူများ)လက်ခံသည့် ဆွီဒင်နိုင်ငံ၊ ကဲလ်ဗင်းဝါဒီ(Calvinistic) သုံးနိုင်ငံ – နယ်သာလန်နိုင်ငံ၊ အင်္ဂ လန်နိုင်ငံနှင့် စကော့တလန်နိုင် ငံတို့ဖြစ်ကြပါသည်။

ယုံကြည်ခြင်း၏အကြီးကျယ်ဆုံး သူရဲကောင်းအချို့ကို စကော့တလန်နိုင်ငံတွင် တွေ့ရပါသည်။ ၄င်းတို့မှာ ခါဗာနန့်တာများ (Covenanters = ပဋိညာဉ်ပြုသူများ)ဖြစ်ကြသည်၊ ၄င်းတို့သည် အကြောက်ရွံ့မဲ့စွာ ကက်သလစ်ဂိုဏ်းပုံစံအားလုံးနှင့် အဆင့်ဆင့် ဘုန်းတော်ကြီးများထား၍ အသင်းတော်ကို အုပ်ချုပ်ခြင်းပုံသဏ္ဍာန်အားလုံးတို့ကို ဆန့်ကျင်ကန့်ကွက်ဖို့ သူတို့၏အသံများကို အမြင့်ဆုံးဖေါ်ထုတ်ကြသဖြင့်၊ သူတို့ယုံကြည်ခြင်းအတွက် သေပွဲဝင်ခဲ့ကြရပါသည်။ ရလဒ်မှာ သူတို့တိုင်းပြည်(စကော့တလန်)တွင် အစင်ကြယ်ဆုံးပရက်စ်ဘီတေးရီးယန်းအသင်းတော်များကို တည်ထောင်နိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့ထံမှနေ၍ ကြီးမြတ်သောကဲလ်ဗင်းဩဝါဒအမှန်တရားများသည် နေရာအနှံ့သို့ ပျံ့နှံ့ခဲ့ပါသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံသို့ ဖြစ်ပါသည်။ စကော့လူမျိုးတို့လောက် မည်သည့်လူမျိုးကမျှ စင်ကြယ်သောဧဝံဂေလိတရားအား ဆုတ်ယုတ်စေမှုများအားလုံးကို ပြင်းထန်လွန်းစွာ၊ ခါးသီးလှစွာ ဆန့်ကျင်ဝန့်သူ မရှိပါခြေ။

အေဒီခေါက်ရာစုမတိုင်ခင်(အေဒီ ၅၀၀ ကျော်)က စကော့တလန်နိုင်ငံတွင် အရက်စက်အကြမ်းကြုတ်ဆုံး၊ ရန်အလိုဆုံး၊ အယူအသည်းဆုံး၊ ရုပ်တုများကိုအကိုးကွယ်ဆုံး၊ လူရိုင်းမျိုးနွယ်စုများထဲ မည်သို့မျှပြုပြင်၍မရနိုင်ဆုံးသော မျိုးနွယ်စုများသာ နေထိုင်ခဲ့ကြသည်ကို တွေး၍မယုံနိုင်လောက်အောင် ဖြစ်ရပါသည်။ ၄င်းမျိုးနွယ်များမှာ ပစ်မျိုးနွယ်(Picts)နှင့် စကော့မျိုးနွယ်(Scots)တို့ဖြစ်ကြပါသည်။ သူတို့ကို အနိုင်ယူနိုင်သူမှာ ဧဝံဂေလိတရားဖြစ်ပါသည်။ စကော့တလန်တွင် ခရစ်တော်၏အသင်းတော်ကိုတည်ထောင်သူသည် ဧဝံဂေလိတရား ဖြစ်ပါသည်။

စကောတလန်တိုင်းပြည် ပြောင်းလဲခဲ့ခြင်းအကြောင်းသည်၊ သာသနာပြုဆရာ ကိုလန်ဗာ ၏အကြောင်းပင်ဖြစ်ပါတော့သည်။

**ငယ်စဉ်ဘဝ**

ကိုလန်ဗာသည် ဒီဇင်ဘာလ ၇ ရက်၊ အေဒီ ၅၂၁ တွင် ဖွားမြင်ခဲ့သည်၊ ဒွန်ဂါလ်မြို့နယ်တွင်ဖြစ်သည်၊ ၄င်းသည် အိုင်ယာလန်နိုင်ငံ၏ မြို့နယ်တခုဖြစ်သည်၊ ယနေ့ချိန်တွင် အာလ်စတာ(Ulster)မြို့နယ်ဟု ခေါ်ကြသည်၊ (သို့) မြောက်ပိုင်းအိုင်ယာလန်ဟုလည်း ခေါ်ကြပါသည်။ သူသည် ဆဲလ်တ်(Celt)မျိုးနွယ် ဘုရင်မိသားစုမှ ဖွားမြင်လာသူဖြစ်သည်။ ဆဲလ်တ်လူမျိုးများသည် ဥရောပအနောက်ဖက်ပိုင်းမှ ရှေးဟောင်းလူရိုင်းမျိုးနွယ်စုတခုဖြစ်သည်၊ သူတို့နေရာများသို့ ဂျာမန်မျိုးနွယ်စုများ ဝင်ရောက်လာကြသဖြင့် ဗြိတိသျှကျွန်းစုများသို့ ရွှေ့ပြောင်းလာခဲ့ကြသူများဖြစ်ကြသည်။ ထိုသို့ဖြင့် သူတို့သည် အိုင်းရစ်ရှ်လူမျိုးများ၊ ဝေလလူမျိုးများ၊ စကော့လူမျိုးများနှင့် ပိတ်စ်လူမျိုးများ၏ ဘိုးဘေးများဖြစ်လာခဲ့ကြပါသည်။

ကိုလန်ဘာကို နောက်ပိုင်းအတ္ထုပ္ပတ္တိရေးသူများက လူရိုင်းပျိုကလေးတဦး၊ ခွန်အားအပြည့်နှင့်၊ သူတပါးကိုနောက်ပြောင်ချင်လွန်းသူ၊ အမြဲတမ်း တိုက်ပွဲကောင်းကို အမြဲတမ်းရှာဖွေနေသူဟု ခေါ်ပြလေ့ရှိကြပါသည်။ သူသည် အရပ်ရှည်ကာ၊ အလွန်သန်မာပါသည်။ ဩဇာကောင်းလှသောအသံကို ပိုင်ဆိုင်သူဖြစ်သည်။ သူတပါးအား ဟာသဉာဏ်နှင့်ကျီစယ်တတ်သူဖြစ်ပါသည်။ ငယ်

စဉ်ကပင် ခရစ်ယာန်မိသားစုတွင် ကြီးပြင်းလာရသူဖြစ်သည်။ မကြာပါ၊ သူသည် ဉာဏ်လည်းအလွန်ကောင်းသူဖြစ်ကြောင်း အများက သိလာကြပါသည်။ သူသည် အမြဲတမ်းရန်ဖြစ်နေတတ်သော လူစုကြားတွင် ကြီးပြင်းလာခဲ့ပါသည်၊ အမြဲတမ်း တိုက်ခိုက်နေကြလေ့ရှိကြသည်။ သူ၏မျိုးနွယ်စုသည် အပေါ်ယံအားဖြင့် ခရစ်ယာန်တော့ဖြစ်ကြပါသည်၊ သို့သော် မယုံကြည်သူဘဝမှ ဓလေ့ထုံးစံအမြောက်အများ၊ အယူသည်းခြင်းအမြောက်အများကို ဆက်လက် လက်ခံနေကြသူများဖြစ်ကြသည်။ မြူးဇစ်(ဂီတ)နှင့်သီချင်းဆိုခြင်းကို အင်မတန် ဝါသနာကြီးသူများဖြစ်ကြသည်။ သူတို့သည် ကြမ်းတမ်းသောတသီးပုဂ္ဂလဝါဒကို အထူးတလည်ကျင့်သုံးကြပါသည်။ ထိုဇာတိမျိုးနွယ်မှရလာသော အကျင့်စရိုက်တို့သည် ကိုလန်ဘာ၏ ပုံစံဖြစ်သည်။

ခရုနီးချမ်း ဆိုသော သူ၏သင်းအုပ်ဆရာကြောင့် သူသည် ဘာသာရေးဖက် အတော်ကိုင်းရှိုင်းလာပါသည်။ နေ့တိုင်း သူသည် ဘုရားကျောင်း၌ အချိန်အတော်ကြာကြာ နေလေ့ရှိသဖြင့်၊ "ကိုလန်စီလ်"ဆိုသော နာမည်ပြောင်ရလာခဲ့သည်၊ အဓိပ္ပါယ်မှာ ဘုရားကျောင်း၏ကိုလန် ဟူ၍ဖြစ်ပါသည်။ သူ့ကို အနီးကပ် စာသင်ပေးသော ဆရာနှစ်ဦးအောက်တွင် သူသည် ကျမ်းစာကို စနစ်တကျသင်ယူပါသည်၊ ထိုဆရာနှစ်ဦးစလုံး၏အမည်မှာ ဖီနီယန် ဖြစ်ကြသည်။ ထိုသို့ဖြင့် သူသည် အသင်းတော်အတွက် အလွန်အသုံးတဲ့သော အမှုတော်ဆောင်ဖြစ်လာခဲ့သည်၊ သူ့အားဖြင့် မြောက်ပိုင်းအိုင်ယာလန်တွင် အသင်းတော်အတော်များများ ဖြစ်တည်လာခဲ့ပါသည်။

အမှုတော်ဆောင်ခြင်း

အေဒီ ၅၆၁ တွင် ကိုလန်ဘာ၏ဘဝကို အမြဲတမ်း ပြောင်းလဲသွားစေမည့် အဖြစ်အပျက် နှစ်ခု ဖြစ်ခဲ့သည်။

ပထမအဖြစ်အပျက်သည် ကျမ်းစာများကို စိတ်ဝင်စားခြင်းမှ ပေါ်ထွက်လာခဲ့ပါသည်။ သူ၏ကိုယ်ပိုင်ကျမ်း လိုချင်လွန်းသဖြင့်၊ ဆရာဖီနီယန် ထံမှ ဆာလံကျမ်းနှင့် ခရစ်ဝင်ကျမ်းများကို တိတ်တိတ်ကလေး ကူးရေးခဲ့ပါသည်၊ ထိုမူရင်းကျမ်းစာကို ဆရာဖီနီ ယန်က ရောမမြို့တော်မှ ယူဆောင်လာခဲ့ခြင်းဖြစ်သည်။ ကိုလန်ဘာ ကူရေးနေစဉ် မျှော်လင့်မထားချိန်တွင် ဖီနီယန်ဝင်လာသဖြင့် မိသွားသည်၊ ဖီနီယန်က ကူးယူထားသောကျမ်းစာမူကို ပြန်တောင်းသည်။ ကိုလန်ဘာက ပြန်ပေးဖို့ ငြင်းဆိုသောအခါ၊ ထိုအမှုကို ဘုရင့်ထံ တင်ပြသည်။ ဘုရင်က ဖီနီယန်ဖက်မှ တရားစီရင်ခဲ့ပါသည်။ ကိုလန်ဘာက အပြတ်ငြင်းသောအခါ၊ သူ့ကို ပုန်ကန်သူအ ဖြစ် သတ်မှတ်လိုက်လေသည်။

ဒုတိယအဖြစ်အပျက်သည် ထိုပထမအဖြစ်အပျက်မှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ကိုလန်ဘာကို မမှန်ပါဟု တရားစီရင်သူ ဘုရင်သည် ကိုလန်ဘာ၏ ညီအကိုဝမ်းကွဲဖြစ်သည်။ သူတို့နှစ်ဦးကြား သဘောမတူညီမှုက နောက်ဆုံးတွင် ပြည်တွင်းစစ်ဖြစ်သည်အထိ ဆိုးရွားလာခဲ့ပါသည်။ ကိုလန်ဘာသည် သူ့မျိုးနွယ်ဟု၏ခေါင်းဆောင်ဖြစ်လျှက်၊ ထိုစစ်ကိုခေါင်းဆောင် တိုက်ခိုက်ပါသည်၊ တိုက်ပွဲတွင် ဘုရင်ကို အပြတ်အသတ်အနိုင်ယူလိုက်ပါသည်။ သတ်ဖြတ်ခံရသူများမှာ များပြားလှပါသည်၊ ဘုရင့်နောက် လိုက်လူပေါင်း(၂၀၀၀)ခန့် အသတ်ခံရပါသည်။

ထိုသို့သတ်ဖြတ်မှုကြီးပြီးသောအခါ၊ ကိုလန်ဘာသည် ပြန့်ကျဲနေသောလူသေလောင်းများအကြား၊ သွေးညှီနံ့များ၊ ညီညျူသံများပြည့် စစ်တလင်းပြင်ပေါ်တွင် အပြင်းအထန် စိတ်မကောင်းဖြစ်လာပါသည်။ ထို့ကြောင့် ကျန်နေသောသူ့ဘဝတလျှောက် နောင်တရခြင်း၌သာ နေထိုင်တော့မည်ဟု ဆုံးဖြတ်ချက်ချလေသည်။ သူသည် အတင်းအကြပ် အိုင်ယာလန်တိုင်းပြည်မှ ထွက်ခွာရန် နယ်နှင်ခံရခြင်းလော (သို့) မိမိဘာသာ ရွေးချယ်ကာ ထွက်သွားခြင်းလော မည်သူမှမသိနိုင်တော့ပါ။ ထိုအဖြစ်အပျက်များ ဖြစ်ပြီး မကြာမှီ၊ အေဒီ ၅၆၂ (သို့) ၅၆၃ ခန့်တွင်၊ ကိုလန်ဘာသည် သူငယ်ချင်း(၁၂)ယောက်နှင့်အတူ စကော့တလန်ပြည်ကမ်းခြေသို့ ရွက်လွှင့် ထွက်ခွာသွားခဲ့ပါသည်၊ ထိုအချိန် သူ၏အသက် ၄၀ ပြည့်ပြီဖြစ်သည်။ ကြမ်းတမ်းသော၊ အန္တရယ်များသော ခရီးစဉ်ပြီး နောက်၊ ကောင်းစွာနေထိုင်နိုင်မည့်နေရာကို ရက်အတော်ကြာရှာဖွေခဲ့ရပါသည်။ နောက်ဆုံးတွင် သူသည် 'ဟီ'(Hy)ဆိုသော ကျွန်းငယ်ကလေးကို ရွေးချယ်ခဲ့သည်။ ထိုကျွန်းသည် သစ်ပင်မဲ့၊ ကုန်းခေါင်ခေါင်ဖြစ်သည်၊ အကျယ်အဝန်း သုံးမိုင်ခန့် ရှည်၍၊ တမိုင်ဗျက်ရှိပါသည်။ စိတ်လှုပ်ရှားဖွယ်ကောင်းသော ပင်လယ်ရှုခင်းနှင့် စကော့တလန်ကမ်းခြေကို မြင်နိုင်သောနေရာလည်းဖြစ်သည်။

ထို ကျွန်းကလေးတွင် ကိုလန်ဘာသည် ဘုန်းကြီးကျောင်းကို တည်ဆောက်ခြင်းဖြစ်သည်။ ကြီးကျယ်သောအဆောက်အဦးများတော့မဟုတ်ပါ၊ တဲငယ်ကလေးများ စုစည်းထားခြင်းမျှသာဖြစ်သည်။ ထမင်းစားဆောင်၊ စာကြည့်တိုက်၊ ဧည့်သည်ဆောင်၊ မီးဖိုဆောင်၊ ကြိတ်စက်၊ ဂိုဒေါင်နှစ်လုံးနှင့် ဘုရားကျောင်းငယ်တခု စသည်တို့ဖြစ်သည်။ ထိုနေရာတွင် ကိုလန်ဘာက နေထိုင်သူ အုပ်စုသုံးစုကို ခွဲခြားခဲ့ပါသည်။ ဆီနီယာများ – သူတို့က ဝတ်ပြုခြင်းများကို ဦးဆောင်ကြသည်၊ ကျမ်းစာ ပရပိုဒ်များကို ထိန်းသိမ်းကြသည်၊ အခြားနေထိုင်သူများကို စာသင်ပေးကြသည်။ အလုပ်သမားများ – ထိုဘုန်းကြီးကျောင်းနေသူများအားလုံး ပုံမှန်နေထိုင်နိုင်ကြရန် လိုအပ်သောအလုပ်ကြမ်းများအားလုံး လုပ်ကိုင်ပေးကြသည်။ ဂျူနီယာများ – သူတို့က ထိုနေရာ၏ ဝေယျာဝစ္စများအားလုံးကို လုပ်ကိုင်ပေးကြသည်။ အမြဲတမ်း လှုပ်လှုပ်ရှားရှားဖြစ်နေသောအရပ်ဖြစ်သည်၊ သို့သော် အားလုံးက အထူးပြုထားသည်မှာ ယနေ့ခေတ် စကောတလန်တိုင်းပြည်ဟုခေါ်သောဒေသသို့ သွားရောက်ကြမည့် သာသနာပြုဆရာများကို လေ့ကျင့်မွေးထုတ်ရန်ဖြစ်သည်။ ကိုလန်ဘာ၊ သူကိုယ်တိုင်ပြောသောစကားဖြင့် ပြောရလျှင်၊ ယခုအခါ သူ၏ဝမ်းကွဲညီအကို ရှင်ဘုရင်နှင့်အပေါင်းအပါးများကို သတ်ဖြတ်ခဲ့ခြင်းအတွက်၊ လူအများနိုင်သမျှအများဆုံးကို ရုပ်တုနှင့်နတ်ကိုးကွယ်ရာမှ ခရစ်တော်ထံဆောင်ယူရန် ဘဝတခုလုံးကို မြှုပ်နှံဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ထိုခေတ်က သာသနာပြုလုပ်ငန်းများ လုပ်ကိုင်ရသည်မှာ ခက်ခဲလှပါသည်။ ထိုကျွန်းကလေးပေါ်တွင် သင်ယူကြသော ဘုန်းတော်ကြီးများနှင့် ကိုလန်ဘာကိုယ်တိုင်တို့သည်၊ ပင်မ စကော့ကျွန်းပေါ်သို့သွားရောက်ကြရသည်၊ အမြဲတမ်း ရှိုင်းစိုင်းကြမ်း

ကြုံတွေ့သော လူရိုင်းများ၏အန္တရာယ်များကြားတွင် ဧဝံဂေလိဟောကြရခြင်းဖြစ်သည်။ သားရဲကြီးများ၏အန္တရာယ်၊ ကြမ်းတမ်းလှသော မြေပြင်အနေအထား၊ ကြိုတင်မှန်းစ၍မရသော ရာသီဥတု၊ ဒါရွိုက်နတ်ဆရာများ(ရုပ်တုနှင့်နတ်များကိုးကွယ်ရာတွင် ဦးဆောင်သူများ၊ မိမိတို့၏စိတ်နှလုံးအကြွင်းမဲ့ခြင်း ခရစ်ယာန်တို့ရောက်လာခြင်းကို မုန်းတီးကြသူများ) တို့အကြားတွင် လုပ်ဆောင်ကြရခြင်းဖြစ်သည်။ ထိုဒေသတွင်လည်း ပိတ်စ်လူမျိုးနှင့်စကော့လူမျိုးများ ကျွန်တော်တို့၏သခင်ယေရှု ဗက်လင်မြို့၌ လူ့ဇာတိမခံယူခင်ကပင် နေထိုင်ခဲ့ကြပြီးဖြစ်သည်။

ကိုလန်ဘာ၏ အမှုတော်ဆောင်ခြင်းများအကြောင်း ပြန်ပြောကြသည်များမှာ အများအားဖြင့် ယုံတမ်းစကားပုံပြင်များသာ ဖြစ်ကြပါသည်။ သူ့အကြောင်းရေးကြသောအတ္ထုပ္ပတ္တိဆရာများက ဒါရွိုက်နတ်ဆရာများ၏ ဆန်းကဝေအတတ်ပညာများကို အနာရောဂါများ ပျောက်ကင်းစေခြင်းအံ့ဩဖွယ်ရာများနှင့် ကိုလန်ဘာက မည်သို့ရှုံးစေခဲ့ကြောင်း၊ ဒါရွိုက်နတ်ဆရာများ၏ ဂါထာမန္တရားများရွတ်ဆိုခြင်းကို ကိုလန်ဘာက သူ၏မြည်ဟိန်းသော တရားဟောသံအောက်၌ နစ်မြုပ်စေခဲ့ကြောင်း၊ လော့ချ်နက်စ်ကမ်းခြေ ရဲ တိုက်ကြီးတွင် နေထိုင်သူ ပိတ်စ်လူမျိုးတို့၏ ရှင်ဘုရင်က သူ့ကို မည်သို့ ရိုသေလေးစားလာကြောင်း၊ ဧဝံဂေလိတရားအတွက် ထိန်းသိမ်း၍မရသော ထက်သန်မှုဖြင့် သူ မည်ကဲ့သို့ အမှုတော်ဆောင်ခဲ့ကြောင်းများကို များပြားစွာရေးခဲ့ကြပါသည်။ ထိုဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းများကို ခွာပစ်လိုက်ပါက၊ ကိုလန်ဘာ၏ အလုပ်သည် မှောင်မိုက်နေသောရုပ်တုဆင်းတုကိုးကွယ်ခြင်းအလယ်၌ အလင်းရောင်သဖွယ် တောက်ပနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ဘုရားသခင်က စကော့တလန်တိုင်းပြည်တွင်လုပ်ကိုင်သော သူ၏ အလုပ်များကို ကောင်းချီးပေးပါသည်။ ထို့ကြောင့် ထိုဒေသတွင် စစ်မှန်သောဧဝံဂေလိတရားကို ကြားခဲ့ကြရပါသည်၊ ခရစ်တော်၏ အသင်းတော်လည်း စုစည်းမိလာပါသည်။ သူ၏ သာသနာပြုချင်ခြင်း စိတ်အားထက်သန်မှုသည်၊ နောက်လာမည်နှစ်များတ လျှောက် ထိုခက်ခဲသောအလုပ်ကို လုပ်ကိုင်ဖို့ ဘုရားသခင်၏ခေါ်ခြင်းခံရသူများအတွက် ဥပမာ ဖြစ်လာခဲ့ပါသည်။

ကိုလန်ဘာ ခဏတဖြုတ်တော့ အိုင်ယာလန်တိုင်းပြည်သို့ ပြန်လာခဲ့ပါသေးသည်။ သူ၏ဇာတိမြေသို့ အသင်းတော်၏ အမျိုးမျိုးသောအစည်းအဝေးများကို တက်ရောက်ဖို့ဖြစ်သည်။ သူ၏ဩဇာတိက္ကမနှင့်လေးစားခံရမှုက အတိတ်တွင်ရှိခဲ့သော ပြဿနာများသည်သူနှင့် ဘာမှမဆိုင်တော့သကဲ့သို့ ဖြစ်နေပါသည်။ ထိုအခွင့်အရေးကိုအသုံးချလျှက် သူသည် ထိုစဉ်က အိုင်ယာလန်အသင်းတော်ကို စတင်၍ပြဿနာပေးနေပြီဖြစ်သော အငြင်းပွားမှုများကို ပြေလည်အောင် ကြိုးစားပါသည်။ သူ၏လွှမ်းမိုးမှုကြောင့် ထိုသို့သော အခက်အခဲများ ပြေလည်ကြသည်က များပါသည်။

**သေဆုံးခြင်း**

ကိုလန်ဘာ၏နှလုံးသားသည် စကော့တလန်တွင် ကျန်နေပါသည်။ ထို့ကြောင့် စကော့တလန်သို့ပြန်သွားကာ၊ စကော့တလန်တွင် သေဆုံးခဲ့ပါသည်။ သူ့ဘဝ၏ နောက်ဆုံးနေ့ရက်၊ အသက် (၇၅)နှစ်တွင် သူသည် ဆာလံသီချင်းများကို ကူးရေးနေခဲ့ သည်။ သန်းကောင်ချိန်ရောက်သောအခါ၊ ထုံးစံအတိုင်း သန်းကောင်ချိန်ဝတ်ပြုပွဲသို့ ပါဝင်ရန် သူ့အိပ်ရာမှ ခက်ခဲစွာ ထလာခဲ့ သည်။ အခြားသူများထက် ဝတ်ပြုရာနေရာသို့ သူစောရောက်ခဲ့ပါသည်။ နှစ်ပေါင်းအမြောက်အများ ပင်ပန်းစွာလုပ်ဆောင်ခဲ့ခြင်း ဒဏ်၊ အသင်းတော်ကို ဂရုစိုက်ရခြင်းဝန်၊ ဒဏ်ရာဒဏ်ချက်အမြောက်အများကို နှစ်ပေါင်းများ စွာခံခဲ့ရခြင်းဒဏ် စသည်တို့ကြောင့် အားနည်းလွန်းခဲ့ပြီဖြစ်ကာ၊ ရုတ်တရက် လဲကျသွားပါတော့သည်။ သူ၏လုပ်ဖော်ဆောင်ဖက်များ ဆုတောင်းရာအခန်းသို့ ရောက်လာကြချိန်တွင် ခဏ ပြန်သတိလည်လာပါသည်။ ထိုအချိန်တိုကလေးကိုအသုံးပြု၍ သူတို့ကို ကောင်းချီးပေးခဲ့ပါသည်။ ထို့နောက် ငြိမ်းချမ်းစွာ တနင်္ဂနွေနေ့ မနက်စောစော၊ ဂျွန်လ (၉)ရက်၊ အေဒီ ၅၉၇ တွင် ကွယ်လွန်ပါသည်။

ကိုလန်ဘာ၏ ပုံစံသည် ဘယ်တော့မှပြောင်းမသွားခဲ့ပါ။ ဘုရားသခင်သည် အယောက်တိုင်းကို သူတို့၏အကျင့်၊ ပုံစံ၊ စိတ်သဘောထားတို့ကို မွေးကထဲက ပေးထားခဲ့ပြီးဖြစ်သည်။ သူ၏ တိုက်ခိုက်ရခြင်းကို ချစ်မြတ်နိုးမှု၊ ခပ်ကြမ်းကြမ်း အသက်ရှင်တတ်မှု၊ ဖြစ်ပျက်သမျှပြဿနာများကြားသို့ ပါဝင်ဆင်နွှဲလိုမှု စသည့်သဘောထားများကို သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူးတော်ကြောင့်၊ ချုပ်တည်းနိုင်ခဲ့ပါသည်။ ထို ချုပ်တည်းနိုင်စေသော သန့်ရှင်းစေသည့်တန်ခိုးစွမ်းအားကြောင့် သူသည် အစွမ်းထက်သော သာသနာပြုဆရာ ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။

ကိုလန်ဘာတွင် လူအများကိုဦးဆောင်နိုင်သော အစွမ်းသတ္တိအမြောက်အများ ရှိပါသည်။ သူသည် သူတပါး အထင်ကြီးလောက်စရာ၊ သဘောကျလောက်စရာ ပုံပန်းသဏ္ဍာန်ရှိသူ ဖြစ်ပါသည်။ ဘုရားသခင်က သူ့ကို ဩဇာညောင်းသောအသံနှင့် ကောင်းချီးပေးပါသည်။ သူ၏သီချင်းဆိုသံသည်၊ ထူးချားလှစွာ လှပပါသည်၊ စုဝေးသီဆိုနေခြင်းကြားထဲမှပင် သိသာနေပါသည်။ သူ၏ သာယာလှသောအသံက ရုပ်တုကိုးကွယ်သူ ပိတ်စ်နှင့်စကော့တို့ကြားတွင် ဧဝံဂေလိဟောကြားခြင်းကို အလွန်ထိရောက်စေပါသည်။ သူသည် ဧဝံဂေလိအမှန်တရားအတွက် ခပ်ဘွင်းဘွင်းပြောတတ်သူ၊ ဘယ်တော့မှ အရောအနှောမခံသူ ဖြစ်ပါသည်။ ဆဲလ်တစ်ဘာသာစကားဟောင်းမှ သူ့အားချီးမွမ်းဂုဏ်ပြုသောသီချင်းတွင် သူသည် “နူးညံ့သောသူရဲကောင်းတော့မဟုတ်ပါ”(ဆိုလိုသည်မှာ ခပ်ကြမ်းကြမ်းအသက်ရှင်တတ်သူ)ဟု သီဆိုကြပါသည်။ သူသည် လူဆိုးများကို သီးမခံတတ်ပါ၊ ကလိန်ကျသူများကို အလွန်မုန်းပါသည်။ သူသည် အပြစ်သားများကို အပြစ်ပြော ဆုံးမရန် အလွန်မြန်သူဖြစ်သည်၊ ထိုသို့ပင် သေသည်အထိဖြစ်သည်။ သူချစ်သော၊ ဟောကြားသော ဧဝံဂေလိတရားအပေါ် ဘယ်တော့မှ ရှက်နေသူ မဟုတ်ပါ။

ကိုလန်ဘာ၏ ကောင်းချီးခံရသောစရိုက်များအတွက် ရှုထောင့်တဖက် ကျန်ပါသေးသည်။ သူသည် ဆင်းရဲသူဆင်းရဲသားများနှင့် အနှိမ်ခံရသူများကို အလွန်ချစ်မြတ်နိုးပါသည်။ သူ၏ဆင်းရဲသားများကို ချစ်မြတ်နိုးခြင်း၊ ကူညီခြင်း၊ သနားခြင်းတို့သည် တနိုင်ငံလုံးက သိသောအချက်ဖြစ်ပါသည်။ သူသည် ဘုရားသခင့်ဖန်ဆင်းခြင်း၏လှပခြင်းများကို နက်ရှိုင်းစွာချစ်မြတ်နိုးသူဖြစ် သည်။

သစ်ပင်များ၊ ကွင်းပြင်များ၊ ပန်းမာလာများ၊ နေရောင်ခြည်၊ ရောင်စုံပန်းပွင့်များ ပွင့်တတ်ကြသည့် မြက်ရိုင်းများကြားမှအပင်ငယ်များ၊ တောမီးများ စသည်ဆို့တွင် ထင်ဟပ်နေသည့် ဘုရားသခင့်ဘုန်းကျက်သရေများကို အမြဲတမ်း မြတ်နိုးနေတတ်သူဖြစ်ပါသည်။ ထိုသို့ဖြစ်နိုင်ရသည်မှာ သူ့ထံတွင် ကဗျာပါရမီအရင်းခံ ရှိနေ၍ဖြစ်သည်။ သူစပ်ခဲ့သော ကဗျာအချို့ ယနေ့တိုင်အောင် ထင်ရှားကြဆဲဖြစ်ပါသည်။ ၎င်းတို့ကို ဖတ်ရသည်မှာ ယနေ့တိုင်အောင် ကြည်နူးစရာကောင်းလှပါသည်။

ကိုလန်ဘာ အသက်ရှင်သောအချိန်သည် ရိုမန်ကက်သလစ်ဂိုဏ်း၏ ဘုရားသခင်အား စင်ကြယ်စွာကိုးကွယ်ခြင်းမှ လမ်းမှားခဲ့ပြီးချိန် ဖြစ်ပါသည်။ သို့သော် ကိုလန်ဘာသည် ထိုအမှားများနောက်မလိုက်ဘဲ၊ ကိုယ့်ဟန်နှင့်ကို နေခဲ့သူဖြစ်ပါသည်။ ဆိုလိုသည်မှာ သူသည် ရိုမန်ကက်သလစ်ဂိုဏ်းအပေါ် သစ္စာရှိနေကို ဂရုစိုက်မနေဘဲ၊ ခရစ်တော်၏လူဖြစ်ခဲ့သူ ဖြစ်ပါသည်။ ထိုအချက်ကို သူ၏ ကျမ်းစာများအပေါ် နက်ရှိုင်းစွာယုံကြည်အလေးထားခြင်းတွင် တွေ့နိုင်ပါသည်။ သူသည် အထူးသဖြင့် ကျမ်းစာထဲမှ ကဗျာအနေဖြင့် ရေးထားသောကျမ်းများကို အကြိုက်ဆုံးဖြစ်သည်၊ ကျမ်းစာတအုပ်လုံးအပေါ်သို့လည်း သစ္စာရှိပါသည်။ ကျမ်းစာကို သူသွားလေရာ သယ်ဆောင်သွားတတ်ပါသည်။ သူသည် သူ၏လုပ်ဖေါ်ဆောင်ဖက် ဘုန်းတော်ကြီးများနှင့် အခြားဘုရားသခင့် လူများအားလုံးထံ ကျမ်းစာကိုအမြဲသင်ပေးပါသည်။ ကျမ်းစာကို ရှိသေရန်၊ လေ့လာရန်၊ ကျမ်းစာအပေါ် ဆင်ခြင်တွေးတောရန် အမြဲတမ်းသင်ပေးပါသည်။ သူ၏တရားဟောခြင်းသည် ရိုးစင်သည်၊ ပြတ်သားသည်၊ တိုက်ရိုက်ဖြစ်သည်၊ အထူးသဖြင့် ကျမ်းစာအတိုင်းဖြစ်ပါသည်။ အမြဲတမ်း ကျမ်းစာ၏ ခန်းနားလှသောရည်ရွယ်ချက်ကို အနက်ဖွင့်ဖေါ်ပြဟောကြားပါသည်၊– ၎င်းမှာ သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းအကြောင်းဖြစ်သည်။ အကယ်၍ ပက်ထရစ်ကို အိုင်ယာလန်တိုင်းပြည်၏သာသနာပြုဆရာ၊ သူသည် “ကျမ်းစာအတိုင်းအသက်ရှင်သူ”ဟု ခေါ်နိုင်လျှင်၊ ကိုလန်ဘာကိုလည်း ထိုသို့ပင် ခေါ်ရမည်ဖြစ်ပါသည်။

ကိုလန်ဘာသည် များပြားလှသော စံပြုရမည့်ပုဂ္ဂိုလ်များထဲမှ တဦးဖြစ်ပါသည်။ သူ့အားဖြင့် အခြားသူများသည်လည်း ရဲရင့်စွာ ရုပ်တုဆင်းတုကိုးကွယ်ကြသည့် အန္တရယ်များလှသော နိုင်ငံများရှိ လူရိုင်းမျိုးနွယ်စုများထံသို့ ဧဝံဂေလိတရားကို ဆောင်ယူခဲ့ကြပါသည်။ ထိုသို့ဖြင့် ဘုရားသခင်သည် ဂျာဖက်(ယာဖက်)ကို ရှမ်(ရှေမ)၏တဲသို့ စတင်ခေါ်ဆောင်ဖို့ ကျေနပ်တော်မူပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

<u>**သီသြလော်ဂျီကဏ္ဍ**</u>

## ဘုရားသခင်၏ ဝိညာဉ်ဖြစ်ခြင်းအကြောင်း

(God's Spirituality)

ဘုရားသခင်၏အနှစ်သာရနှင့်ပတ်သက်၍ ရေးသာဖေါ်ပြခြင်းတွင် အကြောင်းအရာနှစ်ရပ်ကို ထပ်ပြောစရာလိုပါသေးသည်၊– သူ၏စရိုက်လက္ခဏာ(personality)နှင့် သူ၏ဝိညာဉ်ဖြစ်ခြင်းအကြောင်း(Spirituality)တို့ဖြစ်ပါသည်။ ဘုရားသခင်သည် ဝိညာဉ်ဖြစ်သည်ဟု ပုံစံတမျိုးမက ကျမ်းစာတွင် သင်ပေးထားပါသည်။ ၎င်းအမှန်တရားကို ပညတ်တော်နံပတ်(၂)တွင် သွယ်ဝိုက်၍ ပြောပြထားပါသည်၊ “အထက်မိုဃ်းကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက် ရေထဲ၌၎င်း ရှိသောအရာဝတ္ထုနှင့် ပုံသဏ္ဌာန် တူအောင်၊ ရုပ်တု ဆင်းတုကို ကိုယ်အဘို့ မလုပ်မှသင့်”(ထွက် ၂၀း၄၊ တရား ၅း၈)။ ၎င်းသည် ဘုရားသခင်၏ မြင်၍မရခြင်းနှင့် ဝိညာဉ် ဖြစ်ခြင်းတို့အပေါ် အခြေခံထားပါသည်။ အစ္စရေးလူမျိုးတို့ထံ သူတို့သည် ဘုရားသခင်နှင့်တူသောအရာဘာတခုကိုမှ မတွေ့ကြရ သဖြင့်၊ ရုပ်တုများပြုလုပ်ခြင်းနှင့် ဘုရားသခင်၏ မပျက်စီးနိုင်သောဘုန်းကျက်သရေကို ပျက်စီးနိုင်သောဖန်ဆင်းခံရုပ်တုများသို့ မပြောင်းလဲစေရမည့်အကြောင်း မှာကြားထားခြင်းဖြစ်သည် (တရား ၄း၁၂၊ ၁၅–၂၄၊ ရောမ ၁း၂၃)။ သခင်ယေရှုကလည်း ထို ဘုရားသခင်၏ ဝိညာဉ်ဖြစ်တော်မူခြင်းအမှန်တရားကို တိုက်ရိုက်ဖေါ်ပြသောစကားလုံးတို့ဖြင့် မှတ်သားလောက်ဖွယ်ပြောပြခဲ့ပါ သည်၊ “ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း၊ ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏” (ယော ၄း၂၄)။ ကျမ်းစာ၏နေရာတိုင်းတွင် ဘုရားသခင်၏ မြင်၍မရသူဖြစ်ခြင်းကို အထူးပြုဖေါ်ပြပါသည် (ယော ၁း၁၈၊ ရောမ ၁း၂၀၊ ကော ၁း၁၅၊ ၁တိ ၁း၁၇)၊ အထူးသဖြင့် တမန်တော်ပေါလုက ဤသို့ပြောပါသည်၊ “အဘယ်သူမျှ မချဉ်းကပ်နိုင် သော အလင်းထဲ၌ နေတော်မူထသော၊ အဘယ်သူမျှ မမြင်ဖူးရာ၊ မမြင်နိုင်ဖြစ်တော်မူထသော၊ မင်္ဂလာရှိသော တပါးတည်းသော အရှင်သခင်ဖြစ်တော် မူထသော၊ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်သည်၊ ကာလအခွင့်ရောက်သောအခါ၊ သခင်ယေရှုခရစ်၏ထင်ရှားပေါ်ထွန်းခြင်းကို ပြတော်မူလိမ့်မည်။ ထိုဘုရားသခင်သည် ထာဝရဂုဏ်အသရေအစိုးမှုးသတ္တိရှိတော်မူစေသတည်း။ အာမင်။”

ထို ဘုရားသခင်၏ ဝိညာဉ်ဖြစ်ခြင်းကို၊ သုံးပါးတဆူမှ တတိယပုဂ္ဂိုလ်ဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်မှနေ၍ ခွဲခြားနားလည်ရမည်ဖြစ်သည်။ ဘုရားသခင်သည် ဝိညာဉ်ဖြစ်သည်ဟု ကျွန်တော်တို့ ပြောကြသည့်အခါ၊ “သူသည် သူ၏အနှစ်သာရ၌ ဝိညာဉ်ဖြစ်သည်ဟု ပြောကြခြင်းဖြစ်ပါသည်။” မဟုတ်သည့်ဖက်မှ(negatively)ကြည့်ပါလျှင်၊ “ဘုရားသခင်သည် ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာရှိသူ မဟုတ်၊ မြင်ရသော ဖန်ဆင်းခံများကဲ့သို့မဟုတ်၊ ထို့ကြောင့် သူသည် ပုံသဏ္ဌာန်(form) (သို့) နေရာ(extent)ဖြင့် ကန့်သတ်ထားသူ မဟုတ်၊ သူသည် အကြွင်းမဲ့ မြင်၍မရသူ ဖြစ်တော်မူပါသည်။” သူသည် ကောင်းကင်တမန်များနှင့်လည်း ခြားနားသူဖြစ်ပါသည်။ ကျွန်တော်တို့၏ ကမ္ဘာလောကနှင့်ဆက်နွယ်၍၊ ရုပ်ဝတ္ထုမြင်ရခြင်းများနှင့်ဆက်နွယ်၍ သူတို့သည်လည်း မျက်လုံးဖြင့်မြင်ရသူများ မဟုတ်ကြပါ၊ သို့သော် သူတို့သည် အကြွင်းမဲ့ မြင်၍မရနိုင်သူများတော့ မဟုတ်ကြပါ။

အပေါ်တွင်သဘောမှ(positively)ကြည့်ပြန်လျှင်၊ ဘုရားသခင်၏ ဝိညာဉ်ဖြစ်ခြင်းသည် သူ၏ရိုးစင်းတော်မူခြင်း(simplicity)နှင့် နီးနီးကလေးကပ်နေပါသည်။ ဘုရားသခင်သည် လုံးဝဝိညာဉ်ဖြစ်သည်ဟု ပြောသည့်အခါ၊ သူ၏ပြည့်စုံခြင်းများသည် အခြားသော အခြေခံတခုအပေါ်တွင် တည်ရှိခြင်းမဟုတ်၊ တစုံတခုသောအကြောင်းအရာဖြင့် တည်ထားခြင်းမဟုတ်၊ တစုံတခုသောအကြောင်းအရာက ၎င်းတို့ဖြစ်တည်နေရန် ထောက်မထားခြင်းမရှိဟု ပြောနေခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ဂုဏ်လက္ခဏာများ (God is His attributes)ဖြစ်ပါသည်။ ကျွန်တော်တို့လူသားများအတွက် ထိုသို့မဖြစ်နိုင်ပါ။ ကျွန်တော်တို့၏ဂုဏ်လက္ခဏာများအားလုံးသည်၊ ကျွန်တော်တို့ကိုဖန်ဆင်းထားသော ရုပ်ဒြပ်–ဝိညာဉ်ရေးရာ အခြေခံပေါ်တွင် တည်ရှိနေပါသည်၊ ကန့်သတ်နေပါသည်။ ကောင်းကင်တမန်များလည်း ထိုသို့ဖြစ်ကြပါသည်။ ၎င်းတို့ကို ဝိညာဉ်သတ္တဝါများအဖြစ် ဖန်ဆင်းထားသော်လည်း၊ သူတို့ကို ဝိညာဉ်အခြေခံပေါ်တွင် ဖန်ဆင်းထားခြင်းဖြစ်ပါသည်။ ၎င်းတို့၏ ကောင်းမြတ်ခြင်းနှင့်တန်ခိုးစွမ်းအင်တို့သည် ထို ဖန်ဆင်းသောအခြေခံပေါ်တွင်သာ တည်ရှိနေပါသည်။ သို့သော် ဘုရားသခင်မှာ ထိုသို့မဟုတ်ပါ၊ သူသည် ရိုးစင်းသော၊ အကြွင်းမဲ့ဖြစ်သော ဝိညာဉ် (spiritual being)ဖြစ်တော်မူပါသည်။ သူသည် ဖြောင့်မတ်ခြင်းဖြစ်သည်၊ ချစ်ခြင်းဖြစ်သည်၊ အသက် ဖြစ်ပါသည်။ သူသည် ဉာဏ်ပညာဖြစ်သည်၊ အသိပညာနှင့်နားလည်သဘောပေါက်ခြင်းဖြစ်ပါသည်။ သူသည် တရားမျှတခြင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း ဖြစ်သည်။ သူသည် ကျေးဇူးတော်၊ ဂရုဏာနှင့် အမှန်တရား ဖြစ်ပါသည်။ သူသည် အကြွင်းမဲ့တန်ခိုး၊ လှုပ်ရှားမှုစစ်စစ်(pure activity)ဖြစ်ပါသည်၊ "ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နာမ်ဝိညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း၊ ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏" **(ယော ၄း၂၄)**။

## ဘုရားသခင်၏စရိုက်လက္ခဏာ(God's Personality)

အရာခပ်သိမ်းသည် ဘုရားဖြစ်သည်ဟုပြောသည့် ပန်သေးဇင်ဝါဒသို့ မမှားရလေအောင်၊ ဘုရားသခင်သည် စရိုက်လက္ခဏာရှိသောဝိညာဉ်ဖြစ်ကြောင်း အမြန်ထပ်ဖြည့်ရပါမည်။ သူသည် ဝိုးတိုးဝါးတား(vague)၊ သိစိတ်မဲ့အနှစ်သာရ(unconscious essence) မဟုတ်ပါ။ မိမိကိုယ်ကိုသိခြင်းအဆင့်သို့ ဖန်ဆင်းခံများအားဖြင့် ရောက်လာသူ မဟုတ်ပါ၊ သူသည် မိမိကိုယ်ကိုအတွင်း၌ စရိုက်လက္ခဏာရှိသူ၊ သူသည် အကြွင်းမဲ့၊ မိမိဘာသာဖြစ်တည်လာသူ စရိုက်လက္ခဏာရှိသော ဘုရားသခင်ဖြစ်ပါသည်။ ကျမ်းစာထဲတွင် သူသည် သူ၏အီဂို(ego) ငါဖြစ်သည်(I am)ဆိုသည်နှင့် ကျွန်တော်တို့ကို အမြဲတမ်း တွေ့စုံပါသည်။ သူထံတွင် သိခြင်း (consciousness)နှင့် မိမိကိုယ်ကိုသိခြင်း(self-consciousness)တို့သည် အကြွင်းမဲ့တခုတည်း ဖြစ်ပါသည်။ အတူတူဖြစ်ပါသည်။

ထို ဘုရားသခင်၏မိမိကိုယ်ကိုသိခြင်း စရိုက်လက္ခဏာသည် သန့်ရှင်းသောသုံးပါးတဆူဖြစ်ခြင်းထဲတွင် ပုဂ္ဂိုလ်သုံးဦး ပုံသဏ္ဌာန်ကို ဆောင်ယူပါသည်။ ၎င်းနှင့်ပတ်သက်၍ နောက်ပိုင်းတွင် အကျယ်တဝင့် ထပ်ရေးပါမည်။ ထိုသုံးပါးတဆူဖြစ်ခြင်းဖြင့် ဘုရားသခင်သည် ကျွန်တော်တို့ဖန်ဆင်းခံများထံ သုံးယောက်အနေနှင့် ဘယ်တော့မှ ဆက်ဆံလေ့မရှိပါ၊ ဘုရားသုံးပါးရှိသည့်ပုံစံနှင့် ကျွန်တော်တို့ကို ဘယ်တော့မှ ဆက်ဆံလေ့မရှိပါ။ မိမိဘာသာထဲတွင်တော့ အများသဘောနှင့်ပြောကောင်းပြောပါမည်၊ ဥပမာ **ကမ္ဘာဦးကျမ်း ၁း၂၆** "တဖန် ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်အညီ တသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည်ပင်လယ်ငါးတို့ကို၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကို၎င်း၊ သားယဉ်တို့ကို၎င်း၊ မြေတပြင် လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်ရှိသမျှတို့ကို၎င်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။" **သို့သော် ကျွန်တော်တို့ထံတွင်တော့ သူသည် အမြဲတမ်း "ငါ" ဆိုသော အကြွင်းမဲ့အီဂိုဖြင့်သာ ပြောဆိုပါသည်။ ခမည်းတော်မှ၊ သားတော်အားဖြင့်၊ ဝိညာဉ်တော်ထဲတွင် သူ့ကိုယ်သူ "ငါ"ဆိုသော အနည်းကိန်းနှင့်သာ ဖွင့်ပြပါသည်၊ ပြောဆိုပါ သည်။ ထိုသို့သူသည် သူ၏ဖွင့်ပြချက်တွင် ကျွန်တော်တို့ထံ တဦးတည်းသော ရိုးစင်းသည့် ဝိညာဉ်တခုအနေနှင့်သာ ဆက်ဆံတွေ့စုံ ပါသည်။(၁တိ ၆း၁၅–၁၆ –** "မရဏာဝသင့်ကင်းလွတ်သောသူ တပါးတည်း ဖြစ်တော်မူထသော၊ အဘယ်သူမျှ မချဉ်းကပ်နိုင်သောအလင်းထဲ၌ နေ တော်မူထသော၊ အဘယ်သူမျှ မမြင်ဘူးရာ၊ မမြင်နိုင်ရာဖြစ်တော်မူထသော၊ မင်္ဂလာရှိသော တပါးတည်းသောအရှင် ဖြစ်တော်မူထသော၊ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်သည်၊ ကာလအချိန်ရောက်သောအခါ၊ သခင်ယေရှုခရစ်၏ထင်ရှားပေါ်ထွန်းခြင်းကို ပြတော်မူလိမ့်မည်။ ထိုဘုရားသခင်သည် ထာဝရဂုဏ်အသရေအစိုးရသော တန်ခိုးရှိတော်မူစေသတည်း။ အာမင်။")

ဘုရားသခင်၏အနှစ်သာရသည် ရိုးစင်းသောပြည့်စုံခြင်း၊ ရိုးစင်းသောကောင်းမြတ်ခြင်း၊ အားလုံးသော ဖြစ်နိုင်ခြေရှိသမျှ ပြည့်စုံခြင်းများ ကောင်းမြတ်ခြင်းများဖြစ်ပါသည်ဟု ထိုအမှန်တရားသို့ ကျွန်တော်တို့ ထပ်ထည့်ကြပါမည်။ ၎င်းကို သခင်ယေရှုက ဂျူးလူမျိုးရေးခေါင်းဆောင်လူငယ်ထံ ဤသို့မေးခဲ့ပါသည်၊ "ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်း သာ ကောင်းမြတ်တော်မူ၏" **(မဿဲ ၁၉း၁၇)**၊ "ထိုဧဝံဂေလိတော်ထံ၌ ငါတို့သည်ကြားရ၍၊ သင်တို့အား ပြသောတရားစကားဟူမူကား၊ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက်အလျှင်းမရှိ" **(၁ယော ၁း၅)။ ထိုအချက်တို့က ပြောနေသည်မှာ သူသည် မိမိဘာသာမိမိထဲတွင် အကြွင်းမဲ့ကောင်းမြတ်သူဖြစ်သည်၊ သူသည် တခုတည်းသော စံ**(criterion) **ဖြစ်သည်၊ ထို့အတူ ဖန်ဆင်းခံတို့ ထံ ရှိနေကြသည့် ကောင်းမြတ်ခြင်းအားလုံး ထွက်လာရာ စမ်းရေပေါက်လည်း ဖြစ်ပါသည်။**

**ကောင်းမြတ်ခြင်း၊ ပြည့်စုံခြင်း၊ အမှန်တရား၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းတို့ကို တိုင်းထွာရန် စံ/ပေတံသည် ဘုရားသ ခင်၏ အထက်တွင်ရှိသည်၊ သူကိုယ်တိုင်က ထို စံ/ပေတံကို လိုက်နာရပါသည်ဆိုသည်မျိုး လုံးဝ မရှိပါ။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းသည် အကြွင်းမဲ့ဖြစ်ပါသည်။ သူသည် ကြီးမားသောကောင်းမြတ်ခြင်း၊ အမြင့်ဆုံးကောင်းမြတ်ခြင်းပင် မဟုတ်ရပါ။ သူ သည် ကောင်းမြတ်ခြင်း ဖြစ်ပါသည်**(He is good.)**။ အကြွင်းမဲ့ ကောင်းမြတ်ခြင်း ဖြစ်ပါသည်။ မိမိ၏အနှစ်သာရအားဖြင့် သူသည် တခုတည်းသော စံ/ပေတံ ဖြစ်ပါသည်၊ ကောင်းမြတ်ခြင်းအားလုံးတို့ကို တိုင်းတာရန် သူသည် စံ ဖြစ်ပါသည်။ စံချိန်၊ စံနှုန်းသည်**

ဘုရားသခင်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ဖန်ဆင်းခံအားလုံးတို့နှင့်ခြားနားစွာ တပါးတည်းသောသန့်ရှင်းသူ(Holy One) ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော သူသည် ဘုရားသခင်ဖြစ်သောကြောင့်ဖြစ်ပါသည်။ သူသည် မိမိကိုယ်ကိုဗဟိုပြုသူ (self-centerd)ဖြစ်သလို၊ သူသည် အကြင်းမဲ့ မိမိကိုယ်ကိုထဲ၌ လုံလောက်နေသူ(self-sufficient)လည်း ဖြစ်ပါသည်။

တစုတည်းသာရှိသော ကောင်းမြတ်ခြင်း၊ ပြည့်စုံခြင်းအားလုံးတို့၏ စံ အနေနှင့် သူသည် မိမိကိုယ်ကို ရှာတော်မူလျက်၊ မိမိကိုယ်ကို တွေ့တော်မူပါသည်။ သူသည် မိမိကိုယ်ကို ချစ်တော်မူသည်၊ မိမိ၏ကိုယ်ပိုင်ဘုန်းတော်ထင်ရှားဖို့ လုပ်ဆောင်တော်မူပါသည်။ သူသည် အရာခပ်သိမ်းကို သူ့နာမည်အတွက် ဖန်ဆင်းပြုလုပ်တော်မူပါသည်။ “ဘုရားသခင်သည် တဆူတည်း၊ ရှိစင်းသူ၊ အကြွင်းမဲ့၊ ဝိညာဉ်သက်သက်၊ အနန္တပြည့်စုံခြင်းများနှင့်ဖြစ်သော စရိုက်လက္ခဏာများနှင့်အသက်ရှင်နေသူ၊ ကမ္ဘာလောကစကြဝဠာကြီးအတွင်းနေထိုင်သူ၊ သို့ပါသော်လဲ အရာအားလုံးနှင့်ဆက်ဆံရာတွင် အရာအားလုံးထက် ထူးကဲသာလွန်မြင့်မားနေပြန်သူ ဖြစ်ပါသည်။” (Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

<u>ကျမ်းစာဘာသာပြန်ကဏ္ဍ</u>

သုတ္တံ ၃၁း၁–၃၁ (ဂျိန်းဘုရင်မူ)

၁ – ရှင်ဘုရင် လယ်မြူအဲလ်၏ စကားများဖြစ်သည်၊ သူ့မိခင်က သူ့ကို သင်ပေးသော ပရောဖက်ပြုချက်များဖြစ်သည်။

၂ – အဘယ်သို့နည်း ငါ့ သား? ငါမွေးသော ငါ့သား၊ အဘယ်သို့နည်း? ငါ့၏ကတိပေးခြင်းနှင့်ဆိုင်သော ငါ့သား အဘယ်သို့နည်း?

၃ – သင့်ခွန်အားများကို အမျိုးသမီးများထံသို့ မပေးနှင့်၊ သင်၏လမ်းတို့ကိုလည်း ရှင်ဘုရင်တို့အား ဖျက်ဆီးသောအရာတို့သို့ မသွားစေနှင့်။

၄ – အိုး လယ်မြူအဲလ်၊ ဝိုင်သောက်ခြင်းသည် ရှင်ဘုရင်တို့အတွက်မဟုတ်ပါ၊ ၄င်းသည် ရှင်ဘုရင်တို့ လုပ်ရမည့်အရာ မဟုတ်ပါ၊ မူးစေသော ပြင်းသည့်အရာကို သောက်ခြင်းသည် မင်းညီမင်းသားတို့အတွက်လည်း မဟုတ်ပါ၊–

၅ – သူတို့သည် ၄င်းတို့ကို သောက်လျှင်၊ ဥပဒေများကို မေ့လျှော့ကြပါမည်၊ ထိုအခါ ဖိနှိပ်ခံရသူများဖက်မှ တရားစီရင်ခြင်းတွင် လွဲမှားကြလိမ့်မည်။

၆ – မူးစေသောပြင်းသည့်အရာကို သေဖို့အသင့်ဖြစ်နေသူ ထံသို့သာ ပေးပါ၊ ထို့အတူ ဝိုင်ကိုလည်း နှလုံးသားများ လေးလံနေသူတို့ ထံသို့သာ ပေးပါ။

၇ – ထိုသူသည် သောက်ပါစေ၊ ထို့နောက် သူ၏ဆင်းရဲခြင်းကို မေ့ပါစေ၊ သူ၏သနားစရာကောင်းခြင်းအဖြစ်ကို သတိမရတော့ဘဲ ဖြစ်ပါစေ။

၈ – ဖျက်ဆီးခြင်းသို့ ခန့်ထားခြင်းခံရသူများ၏ အမှုကိစ္စအားလုံးအတွက်၊ ဆွံ့အနေကြရသူများအတွက် သင့်ပါးစပ်ကို ဖွင့်ပါ။

၉ – သင့်ပါးစပ်ကို ဖွင့်ပါ၊ ဖြောင့်မတ်စွာ တရားစီရင်ပါ၊ ဆင်းရဲသားများနှင့်လိုအပ်နေသူများဖက်မှ အမှုဆောင်ရွက်ပါ။

၁၀ – မည်သူသည် ကောင်းမြတ်သောအမျိုးသမီးကို ရှာတွေ့နိုင်မည်နည်း? အဘယ့်ကြောင့်ဆိုသော် ထိုအမျိုးသမီး၏တန်ဖိုးသည် ပတ္တမြားရတနာများထက် အတော့်ကို မြင့်မား၍ဖြစ်ပါသည်။

၁၁ – သူမခင်ပွန်း၏ နှလုံးသားသည် သူမကို ယုံကြည်စိတ်ချခြင်း၌ လုံခြုံနေပါသည်၊ ထို့ကြောင့် သူ့ထံတွင် တိုးတက်ခြင်းများ လိုအပ်နေခြင်းသည် ရှိလိမ့်မည်မဟုတ်ပါ။

၁၂ – သူမသည် သူ့ထံ ကောင်းမြတ်ခြင်းကိုသာ ပြုပါလိမ့်မည်၊ သူမ၏ဘဝနေ့ရက်များအားလုံးတွင် ဆိုးညစ်ခြင်းကို ပြုလိမ့်မည် မဟုတ်ပါ။

၁၃ – သူမသည် သိုးမွေး၊ လျှော်တို့ကို ရှာသည်၊ ထို့နောက် သူမ၏လက်တို့ဖြင့် လိုချင်စွာ လုပ်ကိုင်ပါသည်။

၁၄ – သူမသည် ကုန်သည်များ၏သင်္ဘောများနှင့် တူပါသည်၊ သူမ၏အစားအစာများကို အဝေးမှ ယူဆောင်လာပါသည်။

၁၅ – ညဖြစ်နေသေးချိန်တွင် သူမ ထပါသည်၊ သူမ၏အိမ်သားအားလုံးအတွက် အစားအစာကို ပေးပါသည်၊ သူမ၏ အစေခံ မိန်းကလေးများထံ ဝေစုကို ပေးပါသည်။

၁၆ – သူမသည် စိုက်ကွင်းတခုကို စေ့စပ်စွာကြည့်ရှုသည်၊ ပြီးနောက် ဝယ်သည်၊– သူမလက်တို့၏အသီးအပွင့်ဖြင့် သူမသည် ဥယာဉ်ကို စိုက်ပျိုးပါသည်။

၁၇ – သူမသည် သူမ၏ခါးကို ခွန်အားနှင့်ပတ်ထားပါသည်၊ သူမ၏လက်တို့ကိုလည်း အားဖြည့်ပါသည်။

၁၈ – သူမသည် သူမ၏ရောင်းဝယ်ခြင်းတို့သည် ကောင်းသည်ဟု သဘောပေါက်ပါသည်၊– သူမ၏ဖယောင်းတိုင်သည် ညအခါ မှိတ်မသွားပါ။

၁၉ – သူမသည် လက်တို့ဖြင့် ချည်ငင်ပါသည်၊ သိုးမွေးထိုးပါသည်။

၂၀ – သူမသည် မိမိလက်တို့ကို ဆင်းရဲသားများထံ ဆန့်ထုတ်ပါသည်၊ မှန်သည်၊ သူမသည် မိမိလက်တို့ကို လိုအပ်သူများထံ ဆန့်ထုတ်တတ်ပါသည်။

၂၁ – သူမသည် နှင်းခဲများကို သူမ၏အိမ်သားများအတွက် မကြောက်ပါ၊– အဘယ့်ကြောင့်ဆိုသော် သူမ၏အိမ်သားများအားလုံးတွင် နီမောင်းသောဝတ်ရုံများ ရှိကြပြီဖြစ်သည်။

၂၂ – သူမသည် မိမိကိုယ်ကို ရောင်စုံချည်များဖြင့် ပုံဖော်ထိုးထားသောအဝတ်အစားများဖြင့် ဆင်ယင်ချယ်သပါသည်၊ သူမ၏အဝတ်အစားများမှာ ပိုးထည်နှင့်ခန်းနားသောဝတ်ရုံ အနီရောင်များဖြစ်ကြပါသည်။
၂၃ – သူမ၏ခင်ပွန်းကို မြို့ဂိတ်တံခါးတို့တွင် သိကြပါသည်၊ တိုင်းပြည်၏အသက်ကြီးသူများကြားတွင် ထိုင်သောအခါဖြစ်သည်။
၂၄ – သူမသည် အလွန်ကောင်းသောပိတ်များကို ပြုလုပ်ကာ ရောင်းချပါသည်၊ ကုန်သည်များထံ ခါးစည်းကြိုးများကို ပေးပို့ပါသည်။
၂၅ – ခွန်အားနှင့်ဂုဏ်ပြုထိုက်ခြင်းသည် သူမ၏ အဝတ်အစားဖြစ်သည်၊ သူမသည် နောက်လာမည့်အချိန်တွင် ဝမ်းမြောက်ဝမ်းသာဖြစ်ဦးမည်ဖြစ်သည်။
၂၆ – သူမသည် သူမ ပါးစပ်ကို ဉာဏ်ပညာနှင့်ဖွင့်ဟသည်၊ သူမ၏လျှာတွင် ကျင်နာခြင်းဥပဒေသ ရှိသည်။
၂၇ – သူမသည် သူမအိမ်သားများ၏လမ်းများကို သေချာစွာ ကြည့်ရှုသည်၊ တန်ဖိုးမရှိ အချိန်ဖြုန်း အချည်းအနှီးဖြစ်ခြင်းအစာကို သူမ မစားပါ။
၂၈ – သူမ၏ သားသမီးတို့သည် သူ့ရှေ့တွင် ထကြကာ၊ သူမကို ကောင်းချီးပေးကြပါသည်၊ သူမ၏ ခင်ပွန်းကလဲ သူမကို ချီးမွမ်းပါသည်။
၂၉ – မြောက်များစွာသော သမီးတို့သည် ကောင်းမြတ်စွာ ပြုခဲ့ကြပါပြီ၊ သို့သော် သင်သည် သူတို့အားလုံးထက် တော်ပါသည်။
၃၀ – ဆွဲဆောင်မှုရှိခြင်းသည် လှည့်စားခြင်းဖြစ်သည်၊ လှပခြင်းသည် အချည်းနှီးဖြစ်သည်၊ သို့သော် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသော အမျိုးသမီးသည် ချီးမွမ်းခြင်းကို ခံရမည်ဖြစ်သည်။
၃၁ – သူမထံ သူမလက်တို့၏အသီးအပွင့်များကို ပေးကြပါ၊ သူမ၏အလုပ်များက သူမကို ဂိတ်တံခါးတို့၌ ချီးမွမ်းကြပါစေ။

××××××××××××××××××××××

၁တိ ၃း၁–၁၆ (ဂိုဏ်းဘုရင်မှူး)
၁ – အကယ်၍ တစုံတဦးသည် သင်းအုပ်ဌာနကို လိုချင်သည်ဆိုလျှင်၊ ထိုသူသည် ကောင်းသောအလုပ်ကို လိုချင်ခြင်းဖြစ်သည်ဟု ဆိုခြင်းသည် မှန်ကန်သောစကားဖြစ်သည်။
၂ – သင်းအုပ်သည် အပြစ်တင်စရာမရှိသူ ဖြစ်ရမည်၊ ဇနီးတဦး၏ခင်ပွန်းဖြစ်ရမည်၊ နိုးနိုးကြားကြားသတိဝီရိယရှိသူ ဖြစ်ရမည်၊ တည်ငြိမ်သူဖြစ်ရမည်၊ ကောင်းသော အကျင့်စာရိတ္တရှိရမည်၊ ဧည့်ဝတ်ကျေပွန်သူဖြစ်ရမည်၊ သူတပါးကို သင်ကြားနိုင်သူဖြစ်ရမည်၊–
၃ – ဝိုင်ခွဲသူမဖြစ်ရ၊ သူတပါးကိုရိုက်နှက်သူ မဖြစ်ရ၊ မသန့်ရှင်းသောပိုက်ဆံကို လောဘကြီးသူမဖြစ်ရ၊ သို့သော် စိတ်ရှည်သူဖြစ်ရမည်၊ ရန်လိုသူမဖြစ်ရ၊ ငွေတပ်မက်သူမဖြစ်ရ၊
၄ – မိမိ၏အိမ်ကို ကောင်းမွန်စွာအုပ်ချုပ်သူဖြစ်ရမည်၊ သူ၏သားသမီးများကို ဣန္ဒြေသိက္ခာရှိခြင်းအားလုံးတို့နှင့် နာခံသူများဖြစ်စေနိုင်သူ ဖြစ်ရမည်၊
၅ – (အဘယ့်ကြောင့်ဆိုသော် အကယ်၍ လူတဦးသည် မိမိ၏ကိုယ်ပိုင်မိသားစုကိုပင် မအုပ်ချုပ်နိုင်လျှင်၊ ထိုသူသည် မည်ကဲ့သို့ ဘုရားသခင်၏အသင်းတော်ကို ဂရုစိုက်တာဝန်ယူနိုင်မည်နည်း?)
၆ – မကြာခင်ကမှ ပြောင်းလဲသူမဖြစ်ရ၊ ထိုသို့ဖြစ်လျှင် မာနနှင့်မောက်မာလျှက်၊ သူသည် နတ်ဆိုး၏ပြစ်ဒဏ်ခံရခြင်းထဲသို့ ကျဆုံးမည်စိုးရပါသည်။
၇ – ထို့အပြင် သူသည် အပြင်ဖက်တွင် နေသူတို့ကြား၌လည်း နာမည်ကောင်းရှိသူ ဖြစ်ရမည်။ ထိုသို့မဟုတ်ပါက သူသည် ကဲ့ရဲ့ခံရခြင်းနှင့် နတ်ဆိုး၏ကျော့ကွင်းတွင် ကျဆုံးမည် စိုးရသည်။
၈ – ထို့အတူ သင်းထောက်တို့သည်လည်း လေးနက်တည်ငြိမ်သူများဖြစ်ရမည်၊ လျှာနှစ်ခွနှင့်ပြောသူ မဖြစ်ရ၊ ဝိုင်ကို အလွန်အကျွံ သောက်သူမဖြစ်ရ၊ မသန့်ရှင်းသောပိုက်ဆံကို တပ်မက်သူ မဖြစ်ရ၊
၉ – စင်ကြယ်သောသြတ္တပ္ပစိတ်နှင့် ယုံကြည်ခြင်း၏နက်နဲခြင်းကို ကိုင်ခွဲသူဖြစ်ရမည်။
၁၀ – ထိုသူတို့သည် ပထမ အစစ်ဆေးခံကြရမည်၊ ထို့နောက် အပြစ်တင်စရာ မရှိသူများဖြစ်သည်ဟု တွေ့ကြပြီးမှ၊ သင်းထောက်ဌာနကို ကိုင်တွယ်ကြပါစေ။
၁၁ – ထိုသို့ပင် သူတို့၏ဇနီးများသည်လည်း လေးနက်တည်ငြိမ်သူများဖြစ်ကြရမည်၊ အသရေပျက်အောင် လုပ်ကြံပြောဆိုသူများ မဖြစ်ရ၊ တည်တည်ငြိမ်ငြိမ်ရှိရမည်၊ အရာအားလုံး၌ သစ္စာရှိသူများဖြစ်ရမည်။
၁၂ – သင်းထောက်တို့သည် ဇနီးတဦး၏ခင်ပွန်း ဖြစ်ရမည်၊ မိမိတို့ သားသမီးများနှင့်မိမိတို့မိသားစုကို ကောင်းစွာ အုပ်ချုပ်နိုင်သူများ ဖြစ်ရမည်။
၁၃ – အဘယ့်ကြောင့်ဆိုသော် သင်းထောက်ဌာနကို သေချာစွာ အသုံးပြုသူများသည်၊ မိမိတို့ကိုယ်ကိုထံသို့ ယေရှုခရစ်ထံ၌ရှိသည့် ကောင်းသောရပ်တည်မှုနှင့် ယုံကြည်ခြင်း၏ ကြီးမြတ်လှသောရဲရင့်ခြင်းကို ဝယ်ယူသူများဖြစ်ကြသည်။
၁၄ – သင့်ထံသို့ မကြာခင် လာနိုင်မည်ဟု မျှော်လင့်လျှက်၊ ဤအရာများကို ငါ ရေးခြင်းဖြစ်သည်၊–
၁၅ – သို့သော် ငါ အနေကြာသွားခဲ့ပါလျှင်၊ သင်သည် ဘုရားသခင်၏အိမ်၌ သင့်ကိုယ်သင် မည်ကဲ့သို့ ပြုမူလုပ်ရှားသင့်သည်ကို သိနိုင်ရန်ဖြစ်သည်၊ ထိုအိမ်သည်  အသက်ရှင်သော ဘုရားသခင်၏ အသင်းတော်ဖြစ်သည်၊ အမှန်တရား၏ အခြေခံနှင့် တိုင်မကြီးလည်း ဖြစ်သည်။

၁၆ – ဘုရားသခင်အား ရှိသေကိုင်းရှိုင်းခြင်း၏နက်နဲခြင်းသည် ကြီးမြတ်လှသည်ကို ငြင်းနေစရာမလိုအပ်ပါ၊– ဘုရားသခင်သည် အသွေးအသားဖြင့် ပေါ်လာခဲ့သည်၊ ဝိညာဉ်တော်ဖြင့် ဖြောင့်မတ်စေသည်၊ ကောင်းကင်တမန်များက တွေ့မြင်ကြသည်၊ တပါးအမျိုးသားတို့ထံ တရားဟောပြီ၊ ကမ္ဘာထဲ၌ ယုံကြည်ကြပြီ၊ ဘုန်းကျက်သရေသို့ လက်ခံခြင်းကို ခံကြရပြီဖြစ်ပါသည်။

+++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၂၉)

၇၈။ ဤသို့ဆိုလျှင် မုန့်နှင့်စပျစ်ရည်တို့သည်၊ သခင်ခရစ်တော်၏ တကယ့်အသွေးနှင့်အသားအဖြစ်သို့ ပြောင်းသွားပါသလား?

လုံးဝမပြောင်းပါ။ ဗတ္တိဇံရေသည် ခရစ်တော်၏သွေးအဖြစ် ပြောင်းသွားခြင်း မရှိသလို၊ အပြစ်များကို ဆေးကြောခြင်းသက်သက်လဲ မဟုတ်ပါ။ ၎င်းတို့၏ အမှတ်လက္ခဏာနှင့် သေချာစေခြင်းအဖြစ်သာ ဘုရားသခင်က ခန့်ထားခြင်းဖြစ်သည်။ ထိုနည်းတူ သခင်ဘုရား၏ ညစာပွဲတော်မင်္ဂလာ၌သုံးသော မုန့်သည်လည်း၊ သခင်ခရစ်တော်၏ တကယ့်ကိုယ်ခန္ဓာအဖြစ် ပြောင်းလဲ မသွားပါ။ သို့သော် ပွဲတော်မင်္ဂလာတို့၏ သဘာဝနှင့်၎င်း၊ ပါဝင်သောပစ္စည်းများနှင့်၎င်း ကိုက်ညီစွာဖြင့် သခင်ယေရှုခရစ်တော်၏ ကိုယ်ခန္ဓာဟု ခေါ်ရခြင်းဖြစ်သည်။

(၁ကော ၁၀း၁–၄၊ ၁ပေ ၃း၂၁၊ ယော ၆း၃၅၊ ၆၂–၆၃၊ ၁ကော ၁၀း၁၆၊ ၁၁း၂၀၊ ကမ္ဘာ ၁၇း၁၀–၁၁၊ ၁၄၊ ထွက် ၁၂း၂၆–၂၇၊ ၄၃၊ ၄၈၊ တမန် ၇း၈၊ မဿဲ ၂၆း၂၆၊ မာကု ၁၄း၂၄)

၇၉။ ထိုသို့ဆိုလျှင် အဘယ်ကြောင့် သခင်ခရစ်တော်က မုန့်ကိုသူ၏ကိုယ်၊ ခွက်ကို သူ၏အသွေးတော် (သို့) သူ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ် ဟူ၍၎င်း၊ ရှင်ပေါလုက“သခင်ခရစ်တော်၏ အသွေးနှင့်အသားကို ဆက်ဆံခြင်း”ဟု ခေါ်ရပါသနည်း?

ဤသို့ သခင်ခရစ်တော်ပြောသည့်အခါ ကြီးမားသောအကျိုးအကြောင်းမရှိဘဲ ပြောဆိုသည်မဟုတ်ပါ။ အမည်အားဖြင့် ဖေါ်ပြရလျှင် မုန့်နှင့်စပျစ်ရည်က ယာျဘဝအသက်တာကို ထောက်မသကဲ့သို့ သူ၏လက်ဝါးကပ်တိုင်၌ တင်ခြင်းခံရသော ကိုယ်ခန္ဓာနှင့် သွန်းလောင်းခဲ့သော အသွေးတော်သည် ကျွန်ုပ်တို့၏ဝိညာဉ်များကို ထာဝရအသက်နှင့်ကျွေးမွေးမည့် စစ်မှန်သောအစာဖြစ်သည်။ ထို့အပြင်၊ အထူးသဖြင့်၊ ဤမြင်တွေ့နိုင်သော အမှတ်လက္ခဏာနှင့် အာမခံချက်တို့က ကျွန်ုပ်တို့အားသေချာစေသည်မှာ သူ့အား အောက်မေ့သတိရလျှက် ထိုသန့်ရှင်းသော အမှတ်လက္ခဏာများကို ကျွန်ုပ်တို့ခန္ဓာ၏ နှုတ်ခမ်းများဖြင့် ထိတွေ့သည့်အခါ ကျွန်ုပ်တို့သည် (သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုအားဖြင့်) သခင်ခရစ်တော်၏ကိုယ်နှင့် အသွေးတော်ကို အမှန်တကယ် ဆက်ဆံရသူများ ဖြစ်လာကြ၏။ သူ၏ဝေဒနာခံစားခြင်းများနှင့် နာခံလိုက်လျှောက်ခြင်း အားလုံးတို့သည် အမှန်တကယ်ပင် ကျွန်ုပ်တို့အတွက် ဖြစ်လာ၏။ ကျွန်ုပ်တို့၏အပြစ်များအတွက် ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားသခင်ထံတော်၌ ကျေနပ်စေတော်မူခြင်းကို ပြုလုပ်ကြသကဲ့သို့ဖြစ်၏။

(ယော ၆း၅၁၊ ၅၅–၅၆၊ ၁ကော ၁၀း၁၆–၁၇၊ ၁၁း၂၆–၂၈၊ ဧဖက် ၅း၃၀၊ ရော ၅း၉၊ ၁၈–၁၉၊ ၈း၄)